


ဝဲကျွန်း ကျိုက်ထီးရိုးကျောင်းဝင်းထဲက ရှေးဟောင်းဘုရားသိမ်


ထားဝယ်မြို့ ဝဲကျွန်းထိန်ဟောင်းရပ်ကွက်မှာရှိတဲ့ ကျိုက်ထီးရိုးကျောင်းဝင်းထဲက ဘုရားသိမ်တစ်ခုထဲမှာ ရှေးဟောင်းဆင်းတုတွေကို မမျှော်လင့်ဘဲ ဖူးတွေ့လိုက်ရပါတယ်။



ဒီဆင်းတုတော်တွေဟာ ကျွန်တော်တွေ့ရဖူးသမျှ ထားဝယ်ဒေသရဲ့ ရှေးကျဆုံး (အတည်တကျရှိနေတဲ့ဆင်းတု) ဆင်းတုတွေထဲမှာ ပါဝင်နေပြီး ထူးခြားစွာနဲ့ မူလလက်ရာအတိုင်း မပြင်ဆင်ရသေးတဲ့ အနေထားမျိုးနဲ့ ဖူးတွေ့ရတာ ဖြစ်ပါတယ်။

အခုလို တွေ့ရတာဟာ ဒီဒေသအတွက်ထူးခြားတယ်လို့ ဆိုရမှာပါ။ ဆင်းတုတော်တွေက ကုန်းဘောင်ခေတ်လယ် လက်ရာ (သို့) အမရပူရခေတ်လက်ရာတွေ ဖြစ်မယ်လို့ထင်ပါတယ်။ အထက်မြန်မာပြည်မှာ ဒီခေတ်လက်ရာတွေကို ပေါများစွာတွေ့ရပေမယ့်လည်း ကျွန်တော်တို့ထားဝယ်ဒေသမှာတော့ ရှားရှားပါးပါး တွေ့ရတာဖြစ်ပါတယ်။ ဒေသအတွင်းမှာရှိနေတဲ့ ဒီဆင်းတုတော်နဲ့ခေတ်လက်ရာတူ ဆင်းတုတော်တော်တော်များများကိုတော့ အသစ်ပြင်ပြစ်လိုက်ကြပါပြီ။







မူလခေတ်လက်ရာ ပျက်ယွင်းသွားတဲ့အထိ ပြုပြင်လိုက်တဲ့ ရှေးဟောင်းဆင်းတုတော်တွေကိုပဲ တွေ့တွေ့နေရတော့ စိတ်ထဲမှာ မချင့်မရဲဖြစ်နေရတာပါ။ ဒါကြောင့်မို့ ကျိုက်ထီးရိုးကျောင်းထဲကဆင်းတုတွေကို အခုလိုမျိုး မူလလက်ရာအတိုင်းတွေ့ရတာ ကံကောင်းတယ်လို့ ဆိုရတာဖြစ်ပါတယ် ။



ကျိုက်ထီးရိုးကျောင်းဘုရားသိမ်ထဲမှာ အဓိက ထိုင်တော်မူဆင်းတုတော်ကြီးတစ်ဆူ၊ မတ်ရပ်ဆင်းတုနှစ်ဆူ၊ မတ်ရပ်သိကြားရုပ်တုနှစ်ခုနဲ့ အတူ နှောင်းခေတ်လက်ရာစက္ကူဆင်းတုနှစ်ဆူ တို့ကိုပါ တွေ့ရပါတယ်။ တကယ်တော့ အဓိက ထိုင်တော်မူဆင်းတုတော်ဟာ ကျောင်းဝင်းထဲက စေတီတစ်ဆူရဲ့တစ်ဝဂူထဲမှာ တည်ရှိနေတာဖြစ်ပြီး အဲဒီတစ်ဝဂူနဲ့ဆက်လို့ စေတီအရှေ့မျက်နှာစာမှာ သိမ်ကိုတွဲလျက် ဆောက်ထားတာဖြစ်ပါတယ်။

အရင်မူလက သစ်သားသိမ်ဖြစ်နိုင်ပေမယ့်လည်း ကိုလိုနီခေတ်မှာ အခုမြင်တွေ့နေရတဲ့ အုတ်တိုက်သိမ်ကို အစားထိုးတည်ဆောက်ခဲ့တာဖြစ်မှာပါ။







အဓိကဆင်းတုတော်တည်ရှိရာ ဂူပေါက်ဝဟာ သိမ်ထဲကျရောက်နေပြီး အဲဒီဂူဝမှာပဲ မှန်စီရွှေချမုခ်ဦးတံကဲတွေနဲ့ လက်ရာမြောက်စွာ တန်ဆာဆင်ထားတာကို တွေ့ရပါတယ်။ မှန်စီလက်ရာတွေက အထူးကောင်းမွန်ပြီး နှောင်းခေတ်လက်ရာတွေထက် အဆပေါင်းများစွာ သာလွန်ပါတယ်။ မတ်ရပ်ဆင်းတုနှစ်ဆူနဲ့ ဂူထိပ်ဝတွေက အလှဆင်ထားတဲ့ မှန်စီလက်ရာတွေ၊ သိကြားရုပ်နှစ်ရုပ်က မှန်စီလက်ရာတွေနဲ့ ဂူပေါက်ဝ တစ်ဖက်တစ်ချက်က ဘီလူးသရုပ်ဖော်မှန်စီလက်ရာတွေဟာ ဆိုရင် တကယ့်ကို အဆင့်မြင့်လွန်းတဲ့ရှေးလက်ရာတွေ ဖြစ်ပါတယ် ။

သိမ်ထဲမှာတော့ ရှေးဟောင်းမူရင်းလက်ရာအတိုင်းဖြစ်တဲ့ အဓိကထိုင်တော်မူရုပ်ပွားတော်နဲ့ မတ်ရပ်ရုပ်ပွားတော်ကြီးနှစ်ဆူကို ဖူးတွေ့


ရတာပါ။ ဆင်းတုတော်တွေရဲ့ မျက်နှာတော်တွေဟာ တည်ငြိမ်အေးချမ်းပြီး ထူးခြားစွာ သပ္ပါယ်လွန်းပါတယ်။ ထိုင်တော်မူရဲ့မျက်နှာတော်ဟာဆိုရင် ပသျူးကြောက်ဘုရားထိုင်တော်မူကိုယ်တော်ကြီးနဲ့ ကြက်သံဒိုင်းဘုရားဝင်းထဲက ဇရာမဆင်းတုတော်ကြီးတို့ရဲ့ မျက်နှာတော်တွေနဲ့ ချွတ်စွပ်တူနေတာပါ။ ခေတ်လက်ရာတွေအချင်းချင်းလည်း တူနိုင်ပါတယ်။ သင်္ကန်းတော်အနေထားတွေလည်း ထူးခြားပါတယ်။ မတ်ရပ်ဆင်းတုတွေမှာတော့ ဒီဒေသရဲ့ရှေးခေတ်ဆင်းတုတော်တွေမှာ တွေ့နေကျအတိုင်း ခါးစည်းပါနေတာကို တွေ့ရပါတယ်။







ကျွန်တော့်အနေနဲ့ ကျို့က်ထီးရိုးကျောင်းထဲက မူလလက်ရာ ရှေးဟောင်းဆင်းတုတော်တွေကို ဖူးလိုက်ရတာ တကယ်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ ရှေးဟောင်းအမွေအနှစ်တွေကို ချစ်မြတ်နိုးသူတိုင်း၊ ရှေးလက်ရာကိုတန်ဖိုးထားသူတိုင်း ကျွန်တော့်လိုပဲ ခံစားမိကြမှာပါ။ ကိုယ့်ဒေသမှာ ဒီလိုမျိုး ရှေးလက်ရာအတိုင်း မပျက်မယွင်းဘဲ တည်ရှိနေသေးတာကိုလည်း ဂုဏ်ယူမိပါတယ်။ ဒါပေမယ့် ဒီရှေးဟောင်းဆင်းတုတော်တွေ မူလလက်ရာအတိုင်းမပျက်မယွင်းဘဲ ရေရှည်တည်မြဲနေဖို့အတွက်ကို ကျွန်တော်တို့ ဝိုင်းဝန်းလုပ်ဆောင်ရမှာတွေ ရှိနေပါတယ်။





ရှေးဟောင်းဘုရားတွေနဲ့ ရှေးဟောင်းအဆောက်အအုံတွေကို ဆန္ဒရှိရင် ပြုပြင်လို့ ရပါတယ်။ လုပ်သင့်လုပ်ထိုက်တယ်လို့လည်း မြင်ပါ

တယ်။ ဒါပေမယ့် ရှေးဟောင်းလက်ရာတွေကို ကိုယ့်သဘောနဲ့ကိုယ် မပြင်ရပါဘူး။ အဲဒါတွေကို ပြန်လည်ပြုပြင်တော့မယ်ဆိုရင် တတ်ကျွမ်းတဲ့ သက်ဆိုင်ရာပညာရှင်တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး စည်းစနစ်ကျကျ ပြုပြင်သင့်တာပါ။ ဒါဟာ ရှေးဟောင်းစေတီပုထိုးဘုရားတွေနဲ့ အဆောက်အအုံတွေကို ပြင်တဲ့အခါ လိုက်နာရမယ့်စည်းကမ်းတွေ ဖြစ်တယ်လို့ သိထားပါတယ် ။

ထားဝယ်ဒေသမှာ ရှေးခေတ် မူလလက်ရာအတိုင်း ကျန်နေသေးတဲ့ဆင်းတုတော်တွေ အတော်ရှားပါးနေပြီဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကြောင့် ယဉ်ကျေးမှုတန်ဖိုးမြင့်မားပြီး ရှေးလက်ရာအတိုင်း ရှားရှားပါးပါးကျန်နေသေးတဲ့ ရှေးဟောင်းဆင်းတုတွေ သူ့မူရင်းလက်ရာအတိုင်း ဆက်လက်တည်ရှိနေဖို့အရေး အချိန်မီ ကာကွယ်ထိန်းသိမ်းနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။



ရနောင် (ဒွယ်)